# ၁၉၅၆ ခုနှစ်၊ ပါလီမန်အတွင်းဝန်များ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၆ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၈။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၆ ခုနှစ်၊ ပါလီမန်အတွင်းဝန်များ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၉၄၈ ခုနှစ်၊ ပါလီမန်အတွင်းဝန်များအက်ဥပဒေ ပုဒ်မ ၃ တွင် အောက်ပါပြဋ္ဌာန်းချက်ကို ပုဒ်မခွဲ (၁) ၏ခြွင်းချက်အဖြစ်ဖြင့် ထည့်သွင်းရမည်—

> ''သို့ရာတွင် ပါလီမန်အမတ်အဖြစ်မှ ရပ်စဲခြင်းသည် ပါလီမန်ကို ဖျက်သိမ်းသည့် အကြောင်းကြောင့် ဖြစ်လျှင်မူကား၊ ထိုသို့ပါလီမန် ဖျက်သိမ်းသည့်နေ့ရက်တွင် ပါလီမန်အတွင်းဝန် ရာထူးလက်ရှိ ဖြစ်သူသည် ထိုသို့ ပါလီမန်အမတ်အဖြစ်မှ ရပ်စဲသော်လည်း ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိ၏ရာထူးတွင် ဆက်လက်ထမ်းရွက်နိုင်သည်။ ''

အဘိုး—၁၀ ပြား]

ပ၊မ၊ဗ၊စ၊—အမှတ် ၁၃၆၊ တရားရေးဝန်ကြီးဌာန၊ ၁၀-၅-၅၆—၂,၂၀၀—၂။